## ဒဂုံတက္ကသိုလ် ရုက္ခဗေဒဌာနမှ အငြိမ်းစား ပါမောက္ခ ဒေါ်နော်ဝါးဝါးဖော၏ အမှာစာ

အပင်များသည် လူသားများအတွက် မရှိမဖြစ်သော သက်ရှိများဖြစ်ပါသည်။ အပင်တို့သည်လူသားများ၏ စားဝတ်နေရေးအတွက် အထောက်အကူပြုရုံသာမက လူနှင့်တိရစ္ဆာန်တို့၌ ကျရောက်တတ်သော ရောဂါများကိုပါ ကုသနိုင်ပါသည်။ သို့ရာတွင် လိုအပ်သည်ထက် ဖြုန်းမိပါက ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေပြီး ရာသီဥတုကိုပါ ပြောင်းလဲစေပါသည်။

မြန်မာနိုင်ငံရှိ ဆေးဖက်ဝင်အပင်စာရင်းကို ပြုစုခဲ့သောစာအုပ်အနည်းငယ်ရှိသော်လည်း အပင်ပေါင်း ထောင်ကျော်အား ပုံနှင့်တကွ သေချာစွာစာရင်းပြုစုထားသော စာအုပ်မရှိသေးပါ။ FAME Pharmaceuticals မှ ဆရာဒေါက်တာခင်မောင်လွင် ထုတ်ဝေသော ယခုစာအုပ်သည် ဆရာပြောသကဲ့သို့ ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း အပင်များ၏ Scientific Name, Family, Common Name နှင့် Vernacular Name များအပြင် ဓာတ်ပုံများပါ ပါသဖြင့် ရုက္ခဗေဒကျောင်းသား၊ ကျောင်းသူများနှင့် ဆေးဖက်ဝင်အပင် လေ့လာလိုသောသူများအတွက် များစွာ အကျိုးရှိမည်ဖြစ်ပါသည်။

ရုက္ခဗေဒမဟာသိပ္ပံဘွဲ့ရ ပါရဂူဘွဲ့ရသုတေသီများက သက်ဆိုင်ရာစာစွက်စာတမ်းများဖြင့်လည်းကောင်း၊ Internet မှ Information များဖြင့်လည်းကောင်း၊ ကွင်းဆင်းလေ့လာခြင်းဖြင့်လည်းကောင်း ပြုစုရေးသားထားခြင်းဖြစ်ပါသည်။

ဒေါ်နော်ဝါးဝါးဖော
ပါမောက္ခ (အငြိမ်းစား)
ရုက္ခဗေဒဌာန
ဒဂုံတက္ကသိုလ်






ကျွန်တော့်အနေနဲ့ Alternative Medicine ကို လေ့လာလိုက်စားခဲ့တာ နှစ် (၂၀) ကျော်ကျော် ရှိပါပြီ။ ပြည်တွင်းပြည်ပကို ခရီးတွေထွက်ပြီး အပင်တွေနဲ့ ပတ်သက်လို့ လေ့လာတဲ့အခါမှာ အခက်အခဲတချို့ တွေ့ခဲ့ရပါတယ်။ အဲဒါကဘာလဲဆိုရင် တချို့အပင်တွေကို မြန်မာလိုသိရသော်လည်း Common Name မသိရတဲ့အတွက် Botanical Name သိနိုင်ဖို့ ဝေးနေပါတယ်။ အဲဒါကြောင့် Information Search လုပ်တဲ့အခါမှာ အခက်အခဲတွေ တွေ့ရပါတယ်။ ယခင် ပထမအကြိမ်ထုတ်ဝေတဲ့ စာအုပ်က အပင်ပေါင်း (၁၄၄၀) ပင်ကို ပြုပြင်မွမ်းမံကာ ယခု ဒုတိယအကြိမ် ထုတ်ဝေတဲ့ စာအုပ်မှာ အပင်ပေါင်း (၁၅၄၀) ပင်ပါဝင်ပြီး မြန်မာအမည် သိတာနဲ့ Common Name နဲ့ Botanical Name သိနိုင်အောင်၊ ... Common Name သိတာနဲ့ Botanical Name နဲ့ မြန်မာအမည်သိနိုင်စေဖို့အပြင် Botanical Name သိတာနဲ့ Common Name နဲ့ မြန်မာအမည်ရှာတဲ့အခါမှာ လွယ်ကူစေရန်ရည်ရွယ်ပါတယ်။ ဒီစာအုပ်ဟာ ကျွန်တော့်ရဲ့ ပြည်တွင်းပြည်ပ ခရီးစဉ်တွေရဲ့ နှစ် (၂၀) စာအတွေ့အကြုံကို အခြေခံပြီး အပင်တွေကို လက်လှမ်းမီသရွေ့သာ ပြုစုထုတ်ဝေထားတာဖြစ်တာကြောင့် Botany ကျောင်းသားတွေနဲ့ Learners တွေအတွက် Gateway တစ်ခုအနေနဲ့ အလွယ်တကူရှာဖွေနိုင်ရန် ရည်ရွယ်ပြီး ပဏာမ ... ထုတ်ဝေထားတာဖြစ်တာကြောင့် ပြီးပြည့်စုံမှု မရှိသေးပါဘူး။ မြန်မာအခေါ်အဝေါ်တွေကို ပြုစုတဲ့အခါမှာ ဒေသ ... အခေါ်အဝေါ်တွေအလိုက် သုံး၊ လေး မျိုး ခေါ်ဝေါ်သုံးစွဲကြပြီး ကွဲလွဲချက်တွေရှိသော်လည်း အသုံးများတဲ့အမည်ကိုသာ ယူထားတာ ဖြစ်ပါတယ်။ ယခုစာအုပ်ကို ဖြစ်မြောက်အောင် ဝိုင်းဝန်းကူညီပေးကြတဲ့ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးကျော်ဇင်သန့်နဲ့ ပရဆေးဥယျာဉ်မှ တာဝန်ခံ ဒေါ်ဆွေဆွေ၊ ရန်ကုန်တက္ကသိုလ်ရုက္ခဗေဒဌာနမှ ပါမောက္ခဆရာမကြီး ... ဒေါ်အေးကြည် (အငြိမ်းစား)၊ ဒဂုံတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခဆရာမကြီး ဒေါ်နော်ဝါးဝါးဖော (အငြိမ်းစား)၊ ...တက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာသက်သက်မေ (အငြိမ်းစား)၊ ပါမောက္ခ ဒေါက်တာအေးဖေ၊ ... ဒေါက်တာစန်းစန်းအေး၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခ ဒေါက်တာနုနုဆွေ၊ မအူပင်တက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာရီရီမြင့်၊ ပါမောက္ခ ဒေါက်တာသီတာထူး၊ ကွယ်လွန်သွားပြီဖြစ်သော ပုသိမ်တက္ကသိုလ် ရုက္ခဗေဒဌာနမှ ဆရာမကြီး ဒေါ်ကင်ကင်စီ၊ ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာန Library က ဆရာ၊ ဆရာမများ နဲ့ အဘက်ဘက်က ကူညီအားပေးသော ရုက္ခဗေဒ (ပညာရှင်) ဆရာ၊ ဆရာမများကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။ စာအုပ်ပြင်ဆင်နေစဉ် ကာလ ... ကျွန်တော်နဲ့အတူ စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်ခဲ့တဲ့ ကျွန်တော့်ရဲ့ ဇနီး ဒေါက်တာခင်ခင်ဌေး ကိုလည်း ကျေးဇူးအထူးပဲတင်ရှိပါတယ်။ နောက်ပြီး အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြတဲ့ FAME Publishing House မှ မန်နေဂျာ ... (B.Pharm)၊ ဒေါ်ရတနာအောင် (B.Pharm)၊ Designer ဦးဟိန်းဝင်းဇော်၊ Designer ဒေါ်ထူးယမုံ၊ ... (Botanist) နဲ့ အဖွဲ့သားများအပြင် ပြည်တွင်းမှာလိုက်ပြီး ကျွန်တော့်ကို အပင်အမည်များ ... ပေးကြတဲ့ အနယ်နယ်အရပ်ရပ်မှ ကူညီပေးကြတဲ့သူအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

ဒေါက်တာခင်မောင်လွင် (FAME)